
မေရှင်း
LILY

## Chapter 1

ကျွန်တော့်နာမည်က မိုင်လီပါ အသက်က ၁၅နှစ် ကျွန်တော့်ကောင်လေး နာမည်ကတော့ လော့ရင်း အသက်က ၂၅နှစ် အသက် ၁၀နှစ်ကွာလို့လားမသိ ကိုကိုက ကျွန်တော့်ကို အရမ်းချစ်ပေးသည် အရမ်းအလိုလိုက်သည် နေ့ရက်တိုင်းဟာ ပျော်ရွှင်စရာတွေပါပဲ။

အဲဒီနေ့ရက်တွေမှာ ကိုကိုသူငယ်ချင်း ဒေစီဆိုတဲ့ ကောင်မလေး မပါခဲ့ခင်အထိပေါ့။

"ဟဲ့ နင့်ဖုန်းပေး"

"ဟဲ့ အနွေးထည်ငှား"

"နင့်ကိုယ်သင်းနံ့က ငါ့ဆီဆွဲနေပြီ"

"သူနဲ့ငါက ငယ်သူငယ်ချင်းတွေ သူ့အကြောင်းသိချင်တာ အကုန်မေး"

စတဲ့ ဘာမဟုတ်တဲ့စကားလေးတွေက ကြာတော့ ကျွန်တော့်အတွက် စိတ်ဒဏ်ရာ ဖြစ်လာစေတယ်။

ကိုကိုအတွက် ဒေစီက ဘာလဲ။

ဒါပေမဲ့ အသေးအဖွဲလေးတွေကအစ လိုက်ပြောနေရင် ကျွန်တော်ကလေးဆန်ရာကျမယ် ကျွန်တော် ကလေးမဆန်ချင် ဒီလိုနဲ့ တစ်ရက်ခရီးသွားကြတော့ ကျွန်တော် ကိုကို့အတွက် ဟင်းချက်ခဲ့သည် ကိုကို မြေပဲနဲ့ဓာတ်မတည့်တာကို ကျွန်တော်မသိခဲ့ အဲဒီနေ့က ခရီးသွားရင်း ကျွန်တော်ချက်တဲ့ဟင်းကို ကိုကိုစားလိုက်မိလို့ အသက်ရှုကျပ်ပြီး ဆေးရုံပြေးလိုက်ရတယ်။

"မိုင်လီ နင်က ဒါလေးတောင်မသိဘူးလား လော့က အဲဒါနဲ့မတည့်ဘူးလေ"

"ကိုကို အဆင်ပြေလား လာကြည့်တာ"

သူမက အခန်းရှေ့တွင် ပိတ်ရပ်ထားပြီး

"လော့က နင့်ကိုမြင်ချင်မယ်ထင်လား ငါပဲပြုစုလိုက်မယ် နင်ပြန်တော့"

သူနဲ့ထပ်ပြောနေလည်း ကျွန်တော်ပဲလွန်မယ် ကျွန်တော် သူ့ကိုတွန်းဖယ်ပြီး အခန်းထဲ ဝင်လိုက်တော့ သူမက ကိုကိုရှေ့မှာ တမင် လဲကျချင်ယောင်ဆောင်လိုက်သည်။

"အား မိုင်လီရယ် ငါက လော့ကိုနားစေချင်လို့ပါ ဘာလို့စိတ်ဆိုးရတာလဲ"

ကျွန်တော် ပြောစရာစကားမဲ့သွားတယ် ကိုကိုရှေ့နဲ့ ကိုကို့ကွယ်ရာမှာ သူမလေသံက တစ်စက်လေးမှမတူ သူမဟန်ဆောင်မှုကြောင့် ကျွန်တော်က ဘာမှမသိလိုက်မိခင်မှာပဲ မကောင်းတဲ့သူတစ်ယောက် ဖြစ်သွားခဲ့ရတယ်။

"မိုင် သူ့ကိုမတွန်းဘူး ကိုကို"

ကိုကိုက သူငယ်ချင်းနဲ့ ချစ်သူနှစ်ယောက်လုံးကို အားနာလို့ထင်ပါတယ်။

"မြေပဲပါမပါ မကြည့်လိုက်မိတာ ကိုကိုအမှားပါ စိတ်မကောင်းမဖြစ်ပါနဲ့ ကိုကိုနေကောင်းရင် မိုင်ကိုလာတွေ့မယ် အခုတော့ အေးဆေးပြန်အနားယူလိုက်နော် ကို့မိုင်လေး ခရီးပန်းလာတယ်မလား"

ကျွန်တော်လည်း ကိုကို့ကို ခဏလောက်ဖက်ထားလိုက်ပြီး ဆေးရုံကနေပြန်လာခဲ့လိုက်တော့သည်။

***

## Chapter 2

ကျွန်တော်တို့တွဲတာ ၁နှစ်ပြည့်ပြီ အဲဒီနေ့က 1year anni လုပ်တဲ့နေ့ပေါ့။

ကျွန်တော်တို့နှစ်ယောက် အသားကင်စား cake လှီးရင်း အမှတ်တရတွေ အပြန်အလှန် ပြောနေကြတုန်း ကိုကိုအခန်းထဲကို ရုတ်တရက်ဝင်လာတဲ့ ဒေစီက ကိုကို့ကိုပြေးဖက်လိုက်သည်။

"ငါ့ကိုပဟိုကောင် တမင်ချိုးတာဟာ"

"ဘာဖြစ်လာတာလဲ ဒေစီ နင့်ရည်းစားနဲ့ ပြတ်လာတာလား"

"ငါမပြောချင်တော့ဘူးဟာ ဝမ်းနည်းတာပဲသိတယ်"

ကိုကို ကျွန်တော့်ကိုလှမ်းကြည့်တော့ ဒေါသထွက်နေတဲ့ ကျွန်တော့်ကြောင့် သူ့ကိုအတင်းဖက်ထားတဲ့ သူမရဲ့လက်ကို အတင်းဖြုတ်သည်။

"ဩော် မိုင်လီပါ ရှိနေတာလား"

တစ်ခါတစ်ရံ သူမက ကျွန်တော်ကပဲ အပြင်လူလိုလိုဖြစ်အောင် အရမ်း လုပ်ပြတတ်သည်။

"ဒီနေ့က ငါတို့ရည်းစားဖြစ်တာ တစ်နှစ်ပြည့်တဲ့နေ့လေ"

"အားတော့နာပါတယ် လော့ရယ် ငါ့အိမ်ရှေ့မှာ ဟိုကောင်စောင့်နေမှာ ငါ အိမ်မပြန်ချင်တော့ဘူး ဒီနေ့တော့ နင့်အိမ်မှာပဲ အိပ်တော့မယ်"

"ရလား မိုင်"

ကျွန်တော်တို့ ၁နှစ်ပြည့် ပျော်နေရမယ့်အချိန်မှာ တခြားတစ်ယောက်ကို သူ့အိမ်မှာအိပ်ဖို့ ခွင့်ပြုလိုက်တဲ့ ကိုကို့ကို ကျွန်တော် အံ့သြမိတယ်။

"ကိုကို့အိမ်ပဲ မိုင်နဲ့မဆိုင်ဘူးလေ တစ်သက်လုံး ခေါ်ထားလည်းဖြစ်တယ်"

ကျွန်တော့်ကိုနောက်က လိုက်ခေါ်နေတဲ့ကိုကို့ကို ကျွန်တော်ချန်ထားခဲ့လိုက်တယ် ကျွန်တော်တို့ မကြာခင် ပြတ်ကြတော့မယ်လို့ စိတ်ထဲက အလိုလိုသိနေခဲ့တယ်။

***